# အားလုံးသို့
# (အမှတ် ၁ – ၂၀၀၉)

(၁) နအဖ က "၂၀၁၀ ရွေးကောက်ပွဲ" အတွက် မီးကုန်ယမ်းကုန် ပြင်နေပြီ။

- အတွေးအခေါ်စစ်မျက်နှာမှာ "မောင်စူးစမ်းနဲ့ အပေါင်းအပါများ" ကို တာဝန်ပေးထားပုံပေါ်တယ်။ သူတို့ရဲ့ အာဘော်က ဗကပ ပြောနေတဲ့ "ရယ်ဒီကယ် (ပြတ်သားတဲ့) ဒီမိုကရေစီလမ်းစဉ်" ကို နားမယောင်ဖို့၊ 'နအဖ' ရဲ့"စည်းကမ်းရှိတဲ့ ဒီမိုကရေစီ" အောက်ကို အညံ့ခံ၊ ခေါင်းလျှိုပြီးဝင်ဖို့ တိုက်တွန်းတာပါပဲ။ သူတို့ ဦးတည်တိုက်နေတာက NLD ရဲ့ 'ရွှေဂုံတိုင် ကြေညာချက်' ကို တိုက်နေတာပါ။
- ရွေးကောက်ပွဲကို ဝင်ချင်တဲ့ ပုဂ္ဂိုလ်တွေကတော့ 'ပါတီသစ်' ထောင်ပြီးဝင်ဖို့ စိုင်းပြင်းနေကြပါပြီ။

(၂) ဗကပ ရဲ့ သဘောထားက –

- NLD ဟာ ၁၉၉၀ တုန်းက ပြည်သူတွေရဲ့ လုပ်ပိုင်ခွင့်အာဏာ (mandate) အပ်နှင်းခံထားရတဲ့ပါတီ ဖြစ်တယ်။ နအဖ က '၂၀၁၀ ရွေးကောက်ပွဲလုပ်ပြီး' အဲဒီလုပ်ပိုင်ခွင့်အာဏာကို ဆွဲချုတ်ပစ်ဖို့ ကြံစီထားတာ ဖြစ်တယ်။ ဒါကြောင့် 'ရွှေဂုံတိုင်ကြေညာချက်' ကို ကြံ့ကြံ့ခိုင်ခိုင် ကိုင်စွဲထားစေချင်တယ်။
- 'ပါတီသစ်' ကတော့ ၁၉၉၀ မှာ mandate ရထားသူတွေ မဟုတ်ပါဘူး။ ဒါကြောင့် '၂၀၁၀ ရွေးကောက်ပွဲ' ဝင်ကြည့်တာကို ကန့်ကွက်စရာ မရှိပါဘူး။ တခုပဲ သတိပေးလိုတယ်။ ၁၉၅၀ ခုနှစ်တွေတုန်းက 'ပမညတ' လို လုပ်နိုင်လိမ့်မယ်လို့တော့ စိတ်ကူးမယဉ်စေချင်ဘူး။

(၃) နဝတ တုန်းက ဒေါက်တာမောင်မောင် ဖွဲ့ပေးထားတဲ့ ရွေးကောက်ပွဲကော်မရှင် ရှိတယ်။ အခု မရှိဘူး။ ဒါက သိပ်မခက်ဘူး။ လူရွေးရုံပဲ။ လုပ်ချင်တဲ့ ပုဂ္ဂိုလ်လည်း များမှာပါ။

ခက်မှာက ဥပဒေရေးတာမှာ မဟုတ်ဘူး။ ဥပဒေရေးတာက '၂၀၀၈ အခြေခံဥပဒေ' ထဲက 'နိုင်ငံရေးပါတီများ' ဆိုတဲ့အခန်းကို အခြေခံပြီး ရေးလိုက်လို့ရတယ်။ တကယ် ခက်နေတာက အဲဒီ 'နိုင်ငံရေးပါတီများ' ထဲက ပုဒ်မ (၄၀၅) က ဆိုထားတာကို NLD က ဘယ်လိုမှ လက်ခံလို့မရတာ ဖြစ်နေတယ်။ လက်ခံလိုက်ရင် ရွှေဂုံတိုင်ရပ်တည်ချက်ကို စွန့်ပစ်ရလိမ့်မယ်။ '၂၀၀၈ ခြေခံဥပဒေ' ကို လေးစားလိုက်နာပါမယ်လို့ ကတိပေးရတာ ဖြစ်နေတယ်။

ဒါကြောင့်လည်း အတွေးအခေါ်စစ်မျက်နှာဖွင့်ပြီး NLD ကို တိုက်နေတာပဲ။ မောင်စူးစမ်း အသိုင်းအဝိုင်းမှာ ပြည်တွင်းကသာမက ပြည်ပကပါ ပါလာနေပြီ။ သူတို့တာဝန်က နအဖ ဆင်ထားတဲ့ ထောင်ခြောက်ထဲကို NLD ဝင်လာအောင် တောခြောက်ပေးဖို့ ဖြစ်တယ်။

(၄) ကျွန်တော်တို့ တင်ပြချင်တာက –

- ၂၀၁၀ ရွေးကောက်ပွဲကို နအဖ က မဖြစ်မနေ လုပ်မှာပါ။ ဘာကြောင့်လဲဆိုတော့ (က) နိုင်ငံတကာ အသိုင်းအဝိုင်းက ရွေးကောက်ပွဲလုပ်ဖို့၊ လမ်းပြမြေပုံ (RM) ကို ပြီးဆုံးအောင်လုပ်ဖို့ကို အားပေးနေချိန် ဖြစ်တယ်။ (ခ) 'သန်းရွှေအတွင်းစည်းဝိုင်း' ရဲ့ ဩဇာအာဏာက စစ်တပ်တခုလုံးအပေါ် တစုံတရာ စူးရောက်နေချိန် ဖြစ်တယ်။ (ဂ) ယမမင်းကလည်း RM ကို ဂရုစိုက်မှာ မဟုတ်ဘူး။ သန်းရွှေကို ခေါ်ချိန်တန် ခေါ်မှာပဲ။ (ဃ) ပြည်သူလူထုကလည်း ကြာရှည်သည်းညည်းခံနေမှာ မဟုတ်ဘူး။ နေဝင်းလို ဖုတ်ပူမီးတိုက် အာဏာအမွေ၊ နိုင်ငံရေးအမွေကို ခွဲဝေပေးနိုင်တဲ့ဩဇာ သန်းရွှေမှာ မရှိဘူး။
- 'ကော်မရှင်' နဲ့ ရွေးကောက်ပွဲဥပဒေ' ထွက်ပြီးရင် ဗမာပြည်နိုင်ငံရေး အခင်းအကျင်းသစ်ရဲ့ပုံကြမ်း ပေါ်လာမှာပါ။ အဲဒီ 'ပုံကြမ်း' ပေါ်လာရင် ဗကပ က သဘောထားနဲ့အမြင်ကို တင်ပြပါဦးမယ်။

သဘောထားတူသူများ၊ အမြင်တူသူများနဲ့ ရှေ့လုပ်ငန်းစဉ် ညှိနိူင်းပါမယ်။

ဒီမိုကရေစီတော်လှန်ရေးက မတော်တဆအောင်ပွဲရမှာ မဟုတ်ပါ။ ရေရှည်ဇွဲနဲ့ ချီတက်ရမယ်လို့ မြင်ပါတယ်။ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် အောင်ပွဲရသည်အထိ ချီတက်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။

ရဲဘော်စိုးချစ်
(၂၇ – ၈ – ၂၀၀၉)